# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဧပြီလ ၁၈ ရက်နေ့မှ ဧပြီလ ၂၄ ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

# အကျဉ်းချုပ်

၁,၇၈၂+ သတ်ဖြတ်ခံရ

၁၃,၃၃၄+ ဖမ်းဆီးခံခဲ့ရ

၁၀,၂၉၀+ ချုပ်နှောင်ခံထားရဆဲ

၁,၉၇၇+ ဖမ်းဝရမ်းထုတ်ခံရ

## နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရမည်။

မြန်မာနိုင်ငံ၏ ရှုပ်ထွေးလှသော သမိုင်းတစ်လျှောက်တွင် ဒီမိုကရေစီအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းကြောင့် ထောင်နှင့်ချီသော ပြည်သူများသည်မတရားဖမ်းဆီးခြင်းများနှင့် ဥပဒေမဲ့ ဖမ်းဆီးခြင်းခံခဲ့ရသည်။ လွန်ခဲ့သော တစ်နှစ်ကျော်က အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်သည့်အချိန်မှစ၍ လူပေါင်း ၁၃၀၀၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ၏ အဆိုအရ လက်ရှိတွင် နိုင်ငံရေး အကျဉ်းသား ၁၀၂၉၀ ဦးရှိပြီး ၎င်းတို့အနက်မှ ၉,၉၆ ဦး ပြစ်ဒဏ်ချမှတ်ခံရပြီး ၉,၂၇၅ ဦး ဆက်လက် ဖမ်းဆီးချုပ်နှောင်ခံထားရဆဲ ဖြစ်သည်။ အမှန်တော့ အစကတည်းမှ ဤအရပ်သားပြည်သူများထဲတွင် မည်သူ တစ်ဦးတစ်ယောက်မျှ ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့ရန် မထိုက်တန်ပေ။ နိုင်ငံရေး အကျဉ်းသားများသည် တရားမျှတမှုမရှိသော စီရင်ချက်ချခြင်းကို စောင့်မျှော်နေရချိန် အကြမ်းဖက်စစ်အာဏာရှင်သည် ၎င်းတို့၏ အမှန်တကယ် ဆိုးရွားလှသော လုပ်ရပ်များအတွက် တာဝန်ယူမှု နှင့် တာဝန်ခံမှုတို့ကို ဆက်လက် ရှောင်တိမ်းနေသည်။

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း (၈) နှစ်ပြည့် အပြာရောင်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ဧပြီလ ၂၁ ရက်နေ့ AAPP ၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများ ကြုံတွေ့ခံစားနေရသည့် ဝေဒနာများကို ကမ္ဘာက မမေ့မလျော့ဘဲ ကူညီပေးရန် ရှင်းရှင်းလင်းလင်း တောင်းဆိုထားသည်။ နိုင်ငံတကာအသိုင်းအဝန်းမှလည်း မြန်မာနိုင်ငံ၏ ပိုမိုဆိုးရွားလာသော အခြေအနေနှင့်ပတ်သက်၍ လုံလောက်သော ဖိအားပေးလုပ်ဆောင်မှုများ လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

အပြာရောင်လှုပ်ရှားမှုကို သတင်းစာဆရာ၊ တက်ကြွလှုပ်ရှားသူ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် တည်ထောင်သူ ဦးဝင်းတင်မှ လှုံ့ဆော်ပေးခဲ့သည်။ ဆရာကြီးသည် ဆယ်စုနှစ်များစွာ အကျဉ်းထောင်တွင်း နေထိုင်စဉ် ကာလတလျှောက်တွင်လည်း အမျိုးမျိုးသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုများ တောက်လျှောက်ခံခဲ့ရသည်။ ဆရာကြီးသည် အကျဉ်းထောင်မှ လွတ်မြောက်ပြီးနောက် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုတစ်ခုအနေဖြင့် အကျဉ်းထောင်ဝတ်စုံဖြစ်သည့် အပြာရောင်အင်္ကျီနှင့် ပုဆိုးကို ကွယ်လွန်သည်အထိ ဝတ်ဆင်သွားခဲ့သည်။ မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းမှုတွင် ဆရာကြီး၏ ကြိုးပမ်းအားထုတ်မှုနှင့်ကတိကဝတ်များသည် ဆရာကြီး၏ ရဲရင့်မှုကို သက်သေပြနေသည်။ အပြာရောင် ကမ်ပိန်းသည် ဆရာကြီးမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခြင်း အထိမ်းအမှတ် အမွေအနှစ်ဖြစ်သည်။

မြန်မာပြည်တွင် နိုင်ငံရေးအကျဉ်းသားများရှိသမျှ ဒီမိုကရေစီ ထွန်းကားရန် မဖြစ်နိုင်ပါ။ အာဏာသိမ်းစစ်တပ်မှ အပြစ်မဲ့ ပြည်သူများကို ညှင်းပန်းနှိပ်စက်ခြင်း သတ်ဖြတ်ခြင်းများနှင့်အတူ ကျေးရွာများကို မီးတင်ရှို့ခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်းတို့သည် အကြမ်းမဖက်သော အခြေခံမှုများကို လိုက်နာရန် ငြင်းဆိုခဲ့ကြပြီး တရားဥပဒေစိုးမိုးရေးကို လုံးဝ အရေးမစိုက် လျစ်လျူရှုခြင်းနှင့်အတူ တရားစီရင်ရေးမဏ္ဍိုင်ကို ပျက်ရယ်ပြုနေကြသည်။ အကြမ်းဖက်စစ်အာဏာရှင်သာလျှင် သံတိုင်နောက်ကွယ်တွင် ရှိနေသင့်သူများဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်း၏ ပစ်တင်ရှုတ်ချခြင်းသည် အကြမ်းဖက်စစ်တပ်၏ ချိုးဖောက်မှုများအား ရပ်တန့်သွားအောင်မလုပ်နိုင်ပါ။ မြန်မာစစ်တပ်အား အရေးပေါ်ချက်ခြင်း လွှဲပြောင်းပေးခြင်းနှင့် မြေပြင်မှအခြေအနေများအား နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ (ICC )တင်ပို့နိုင်သည့် ပြင်းထန်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုသည်။




# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း









**မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်** – နာမည်ကြီး မြေယာအခွင့်အရေး ရှေ့နေတစ်ဦးသည် ၎င်း၏ မိသားစုရှေ့တွင် အကြမ်းဖက်စစ်သားများ၏ ရက်ရက်စက်စက် ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရသည်။ ဇနီးနှင့် သားသမီးများမှ စစ်သားများအား အကြမ်းဖက်ရိုက်နှက်မှုကို ရပ်ရန် တောင်းဆိုသည့်အခါမှသာ ရိုက်နှက်မှု ရပ်တန့်သွားခဲ့သည်။

**မန္တလေး၊ မဟာအောင်မြေမြို့နယ် မဟာဝေရပ်ကွက်** – စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသည့် အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးအား အမည်မသိနေရာ၌ ထိန်းသိမ်းထားကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဖြစ်သည့် ခင်ပွန်းဖြစ်သူအား အကြမ်းဖက်စစ်တပ်မှ ပစ်မှတ်ထားခြင်းဖြစ်သည်။ ဓါးစားခံအဖြစ်ဖမ်းဆီးခံရသည့် အဆိုပါ အမျိုးသမီးသည် သူမ၏ မိသားစုနှင့် အဆက်အသွယ် မရရှိသေးပေ။

**ရန်ကုန်တိုင်းဒေသကြီး**– အကြမ်းဖက်စစ်တပ်မှ ဆန္ဒပြလူအုပ်ထဲသို့ ကားကိုမောင်းဝင်ခဲ့သည်။ ချီတက်ဆန္ဒပြပွဲကို စစ်ကားမှ ဖြိုခွဲရန် မအောင်မြင်ခဲ့သော်လည်း ဆန္ဒပြပွဲတွင် ပါဝင်သူ အမျိုးသမီးသုံးဦး တင်ဆောင်လာသော ကားကို ဝင်တိုက်မိခဲ့သည်။ ထိုအမျိုးသမီးတို့အား သေနတ်ဖြင့် ချိန်၍ ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၉,၉၀၀ ခန့်သည် မတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ကရင်ပြည်နယ်

ND-Burma အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) မှ ယခုအပတ်ထုတ် Diplomat အယ်ဒီတာ့အာဘော်တွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အကျပ်အတည်းသည် နေ့စဉ်နှင့်အမျှ ပိုမိုဆိုးရွားလာနေကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်နီ (ကယား) ပြည်နယ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့သည့် ကရင်နီပြည်တွင် စစ်အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်သော ချိုးဖောက်မှုများအား ကရင်နီအရပ်ဘက်အဖွဲ့အစည်းများမှ ဆက်လက်မှတ်တမ်းတင်ထားသည်။

**ထပ်မံဖတ်ရှုရန်**

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် မြန်မာစစ်တပ်၏ စစ်ရေးတိုးချဲ့မှုများ တိုးမြင့်လာသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်များတွင်လည်း ရှမ်းပြည်တိုးတက်ရေးပါတီမှ ၎င်းတို့၏ တပ်များအား ရှမ်းပြည်တောင်ပိုင်းဒေသမှ ဆုတ်ခွာပေးရန် စစ်အာဏာရှင်၏ တောင်းဆိုချက်ကို ပယ်ချခဲ့သည်။

**ထပ်မံဖတ်ရှုရန်**



# ကရင်ပြည်နယ်

ND–Burma အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) မှ ယခုအပတ်ထုတ် Diplomat အယ်ဒီတာ့အာဘော်တွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အကျပ်အတည်းသည် နေ့စဉ်နှင့်အမျှ ပိုမိုဆိုးရွားလာနေကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လျင်မြန်စွာ ယိုယွင်းပျက်စီးနေသော လူ့အခွင့်အရေး အခြေအနေသည် တိုက်ပွဲများအတွင်း နေ့စဉ်အသက်သေဆုံးမှု ပိုမိုများလာသောကြောင့် အရေးတကြီးနှင့် ချက်ချင်းအာရုံစိုက်ရန် လိုအပ်သည်။ အပြစ်မဲ့ပြည်သူများသည်လည်း  နေ့စဉ်ပစ်မှတ်ထားခံနေရကြောင်း HURFOM မှ ရေးသားဖော်ပြခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသော ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များသည် ကာလရှည်ကြာ စစ်တပ်မှ ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် ဒေသခံပြည်သူများအား  ဖိနှိပ်ခဲ့မှုများအတွက် စစ်တပ်သည် အရေးယူခံရမှုများအားနည်းသည့် အကျိုးဆက်များကြောင့် ဖြစ်သည်။

ပြည်နယ်အတွင်း ထောင်နှင့်ချီ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည့် စစ်ဘေးရှောင် ဒုက္ခသည်များသည် စားနပ်ရိက္ခာ ပြတ်လပ်မှုများ ရှိနေသည်ဟု  ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှလည်း သတိပေးထုတ်ပြန်ထားသည်။ အပြစ်မဲ့ရွာသူရွာသားများသည် အကြိမ်ကြိမ် ထွက်ပြေးတိမ်းရှောင် ခဲ့ကြရသည်။ အကူအညီများ လိုအပ်နေသော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအများစုမှာ ပိတ်ဆို့တားဆီးခံနေရဆဲဖြစ်သည်။ ကူညီဆောင်ရွက်ပေးနေသောစေတနာ့ဝန်ထမ်းများသည် အကြမ်းဖက်စစ်တပ်၏ ကြားဖြတ်ဟန့်တားခြင်းအပါအဝင် ဖမ်းဆီးခံရသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းမှ စတင်၍ ကရင်ပြည်နယ်တွင် ခန့်မှန်းခြေ လူပေါင်း ၁၅၀,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နေရပ်သို့မပြန်နိုင်သောအရပ်သားများထဲမှ  လယ်သမားများသည် သီးနှံရိတ်သိမ်းနိုင်ခြင်း မရှိသည့်အတွက် ဝင်ငွေဆုံးရှုံးခဲ့ရသည်။

ကလေးများ၏ ပညာရေးကိုလည်း ဆိုင်းငံ့ထားခဲ့ရသည်။  စစ်တပ်အင်အားတိုးချဲ့မှုကြောင့် စိတ်ဒဏ်ရာရနေသော ဒေသခံကျေးရွာသားများသည် မသေချာမရေရာမှုများအတွက် စိုးရိမ်ကြောက်ရွံ့နေကြရသည်။



# ကရင်နီ (ကယား) ပြည်နယ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့သည့် ကရင်နီပြည်တွင် စစ်အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်သော ချိုးဖောက်မှုများအား ကရင်နီအရပ်ဘက်အဖွဲ့အစည်းများမှ ဆက်လက်မှတ်တမ်းတင်ထားသည်။ စစ်တပ်၏ လက်ချက်ကြောင့် သေဆုံးရသူ အရေအတွက် လျော့ပါးသွားမည့် အရိပ်အယောင်များကို မတွေ့ရပါ။ ၂၀၂၂ ခုနှစ် ဧပြီလ ပထမနှစ်ပတ်အတွင်းမှာပင် လူ ၅ ဦး ပစ်သတ်ခံခဲ့ရသည်။ သတ်ဖြတ်ခံခဲ့ရသူများသည် ဆိုင်ကယ်စီးနေစဉ်ပစ်သတ်ခံရခြင်းနှင့် လက်နက်ကြီးများဖြင့် ရမ်းသမ်းပတ်ခတ်မှုကြောင့်သေဆုံးခြင်း ဖြစ်သည်။ ကရင်နီလူ့အခွင့်အရေးအဖွဲ့၏ အဆိုအရ အကြမ်းဖက်စစ်တပ်ကြောင့် အရပ်သားများ သေဆုံးရသည့် အကြောင်းရင်းများထဲတွင် စစ်တပ်၏ ဖမ်းဆီးခြင်း၊ ညင်ပန်းနှိပ်စက်ခြင်းနှင့် လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့်ဖြစ်သည်။

ကရင်နီပြည်သူများသည် မကြုံစဖူးသည့်နှုန်းဖြင့် ထွက်ပြေးတိမ်းရှောင်နေရပြီး နေရပ်ပြန်ရန် ကြောက်ရွံ့နေကြရသည်။ စစ်တပ်သည် အထူးသဖြင့် ပဋိပက္ခဖြစ်နေသောနေရာများအပြင် အရပ်သားနေရာများမကျန် မြေမြှုပ်မိုင်းများ ထောင်ထားသည်။ ။ ရွာသားများ၏ နေအိမ်များ၊ တိရစ္ဆာန်များနှင့် ပိုင်ဆိုင်မှုများကို စစ်တပ်မှ လုယက် ခိုးယူ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။

စိတ်ဒဏ်ရာရသော အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများမှ ၎င်းတို့တွင် 'စားစရာ ဘာမှမရှိဘူး' ဟု ပြောပြခဲ့သည်။ စစ်အင်အားတိုးမြင့်လာမှုကြောင့် နေရပ်ပြန်ရန် ပို၍ စိုးရိမ်စရာ ဖြစ်စေသည်။



# ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် မြန်မာစစ်တပ်၏ စစ်ရေးတိုးချဲ့မှုများ တိုးမြင့်လာသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်များတွင်လည်း ရှမ်းပြည်တိုးတက်ရေးပါတီမှ ၎င်းတို့၏ တပ်များအား ရှမ်းပြည်တောင်ပိုင်းဒေသမှ ဆုတ်ခွာပေးရန် စစ်အာဏာရှင်၏ တောင်းဆိုချက်ကို ပယ်ချခဲ့သည်။ ဤကဲ့သိုသော တောင်းဆိုချက်များသည် ပြည်နယ်အတွင်း အရပ်သားများအား ပုံမှန်ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်နေသည့် အကြမ်းဖက်စစ်တပ်၏ ဥပဒေမဲ့သော လုပ်ရပ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

နှစ်သစ်ကူး အတာသင်္ကြန် ကာလအတွင်း ရွှာငံမြို့နယ် အတွင်းရှိ လူငယ် နှစ်ဦးကို စစ်တပ်မှ ပြန်ပေးဆွဲ ခဲ့ပြီး နေအိမ် နှစ်လုံးကို မီးရှို့ ဖျက်ဆီး ခဲ့သည်။ စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသူများအနက် တဦးမှာ အသက် ၁၆ နှစ်သာရှိသေးသည်။ အကြမ်းဖက်စစ်တပ်သည် ၎င်းတို့၏ ဥပဒေမဲ့ ပြန်ပေးဆွဲမှုများကို ဆက်လက်လုပ်ဆောင်နေသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် CDM လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သော လူငယ်များနှင့် ဆက်နွှယ်သူများကို ပစ်မှတ်ထားလျက်ရှိသည်။ ဧပြီလ ၉ ရက်နှင့် ၁၀ ရက်နေ့ နွာဘန်းကြီးတွင် စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသောသူများထဲတွင် ကလေးတစ်ဦးလည်း ပါဝင်ခဲ့သည်။ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၏ ထုတ်ပြန်ချက်အရ ရှမ်းပြည်တောင်ပိုင်းတွင် တူးဖော်ရန်စီစဉ်နေသည့် ကျောက်မီးသွေးတွင်းအနီး၌ စစ်တပ်မှ ဒေသခံပြည်သူ ၁၀၀ ကျော်အား ကင်းတပ်စခန်းအသစ်တည်ဆောက်ပေးရန်အဓမ္မခိုင်းစေခဲ့သည်။

များပြားလှသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်အတူ ရှမ်းပြည်နယ်ရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရေးပေါ်ပေးအပ်ရန် လိုအပ်နေသည်။ ၂၀၂၂ ခုနှစ် မတ်လကုန်အထိ ရှမ်းပြည်တောင်ပိုင်းတွင် လူပေါင်း ၅၀,၀၀၀ ကျော်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူပေါင်း ၆၅၀၀ ကျော် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

၂၀၂၂ ခုနှစ် ဧပြီလ စတုတ္ထပတ်
ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ

**၁၈**

အိန္ဒိယအစိုးရသည် စစ်တပ်၏ အကြမ်းဖက်မှုမှထွက်ပြေးလာသူများကို ကူညီရန် ငွေကြေးအကူအညီပေးရန်ကတိပြုထားသောကြောင့် မီဇိုရမ်ပြည်နယ်တွင် ချင်းလူမျိုး ၃၀,၀၀၀ နီးပါး စာရင်းသွင်းထားကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO မှ သတင်းထုတ်ပြန်သည်။

**၁၉**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အောင်မြင်မှုမရှိသော စစ်အာဏာသိမ်းသည့်အချိန်မှစ၍ မြန်မာစစ်တပ်မှ ဘက်ပြောင်းလာသူ ၁၀,၀၀၀ ရှိသွားပြီ ဖြစ်ကြောင်း ပြည်သူ့ရင်ခွင် မှ ထုတ်ပြန်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

**၂၀**

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များအရေးပေါ်ရန်ပုံငွေအဖွဲ့မှ အစီရင်ခံချက်အရ ကလေး ၅ သန်း အပါအဝင် လူပေါင်း ၁၄.၄ သန်းသည် နိုင်ငံတကာ အကူအညီများ အရေးပေါ် လိုအပ်နေသည်။

**၂၁**

မြန်မာနိုင်ငံတွင် မတရားပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများနှင့် တညီတညွတ်တည်း ရှိကြောင်း အထိမ်းအမှတ်အဖြစ် အပြာရောင်လှုပ်ရှားမှုကို နှစ်စဉ်ပြုလုပ်ခဲ့သည်။

**၂၂**

ရောဂတီသတင်းဌာန၏ သတင်းထုတ်ပြန်ချကအရ စစ်အာဏာသိမ်းသည့်အချိန်မှစ၍ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတွင် လူပေါင်း ၃၅၀,၀၀၀ နီးပါး အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

**၂၃**

ထိုင်းနှင့် မြန်မာကို ဆက်သွယ်ထားသည့် ချစ်ကြည်ရေးတံတား ဂိတ်ဝတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

**၂၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ရွာခြောက်ရွာထက်မနည်း လေကြောင်းနှင့် အမြောက်လက်နက်ကြီးများဖြင့် ပြင်းထန်စွာ တိုက်ခိုက်မှုကြောင့်ခန့်မှန်းခြေလူ ၅၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma